
Babi Mild
မွေးစကလေးငယ်များ
စောင့်ရှောက်ရန်လမ်းညွှန်
ORGANIC* gift
for your little miracle
ကလေးငယ်များအတွက်
အကောင်းဆုံးသော သဘာဝ
Babi Mild
ORGANIC
BABY UTENSIL CLEANSER
Babi Mild
Ultra Mild
BIOGANIK
head & body baby bath
2in1
Babi Mild
WITH CHAMOMILE & HONEYSUCKLE ESSENCE
ORGANIC
BABY FABRIC WASH WITH SOFTENER

ဘေဘီမိုင်းလ်မှ Organic* gift for your little miracle လက်ဆောင်များနှင့်အတူ အရေးပါသောအဖွဲ့ဝင်သစ်များကိုကြိုဆိုပါသည်။ မွေးနေ့မှစပြီး တန်ဖိုးရှိကလေးငယ်များ အသား အရေများအတွက် ဘေဘီမိုင်းလ်မှ ရွေးချယ်ပေးသော အနူးညံ့ဆုံး ဘေးအကင်းဆုံး သဘာဝမှလက်ဆောင်။

ကျွန်ုပ်တို့သည် ကုန်ကြမ်းရွေးချယ်မှုမှအစ ထုတ်ကုန်များကို သင့်လျော်မှန်ကန်စွာ ဖော်စပ်ထုတ်လုပ်ထားပြီး ကလေးအသား အရေနှင့် သင့်လျော်စေရန် နည်းပညာများဖြင့် အဆင့်တိုင်းကို အထူးသတိပြုထုတ်လုပ်သည်။ ကလေးငယ်များ၏ အသားအရေကို သဘာဝအတိုင်း ပြုစုပျိုးထောင်ပေးရန်အတွက် မိခင်များ အသုံးပြုရန် သင့်လျော်ပါသည်။



## ကလေးငယ်များအတွက် အကောင်းဆုံးသော သဘာဝ

Babi Mild

*ရေချိုးဆပ်ပြာရည်နှင့်ခေါင်းလျှော်ရည်တွင် **Organic Argan Oil & Honeysuckle Extract** နှင့် အဝတ်လျှော်ဆပ်ပြာရည် နှင့် နို့ပုလင်းဆေးဆပ်ပြာရည်တွင် **Organic Chamomile & Honeysuckle Essence**

# မွေးကင်းစကလေး ရေချိုးခြင်း

ရေချိုးပေးရန် ရေကို 37 ဒီဂရီစင်တီဂရိတ် အပူချိန်တွင်ထားပါ။ (သာမိုမီတာမရှိပါက ရေ၏အပူချိန်ကိုစမ်းသပ်ရန် သင့်လက်၏နောက်ကျောဖြင့်စမ်းသပ်ပါ။ ရေနွေးမှသာ ရေကိုအသုံးပြုပါ။) 10 မိနစ်ထက်မပိုဘဲ ရေချိုးပြီး အန္တရာယ်ရှိသော ဓာတုပစ္စည်းများ အထူးသဖြင့် ပါရာဘင်နှင့် SLS မပါဝင်သည့် အပျော့စား ဆပ်ပြာခေါင်းလျှော်ရည်ကို ရွေးချယ်ပါ။

## မွေးကင်းစကလေးရေချိုးနည်း

၁။ ခေါင်းလျှော်ခြင်းဖြင့် စတင်ပါ။ ကလေးကို မျက်နှာသုတ်ပုဝါကြီးတစ်ခုဖြင့်ပတ်ကာကိုင်ထားပြီး သင့်လျော်သောသင့်လက်တစ်ဘက်ဖြင့် ကလေးငယ်ကိုပွေ့ထားပါ။ ကျန်လက်တစ်ဘက်ဖြင့် ကလေးငယ်၏ဆံပင်ကို ဆေးကြောပေးပါ။ လက်မောင်းတွင် ကလေးငယ်ကို ပွေ့ဖက်ထားပြီး ပုခုံး၊ လည်ပင်းနှင့် ဦးခေါင်းတို့ကို သင့်လက်ဖဝါးဖြင့် ပင့်ထားပါ။





၂။ နားရွက်နှစ်ဖက်လုံးကို ရေများမဝင်စေရန် လက်မနှင့် လက်ညှိုးဖြင့် အုပ်ပေးထားပါ။



၃။ ရေမြှုပ်ဖော့ သို့မဟုတ် မျက်နှာသုတ်ပုဝါငယ်ကိုယူပြီး ဆံပင်ကို ရေစွတ်ပြီး ပွတ်ပေးပါ။ မျက်လုံးထဲကို ရေမဝင်အောင် သတိထားပါ။ လက်ပေါ်တွင် ခေါင်းလျှော်ရည်များထည့်ပြီး ခေါင်းတစ်ခုလုံးကို ဖြည်းညှင်းစွာဆေးကြောပါ။

၄။ ရေသန့်ဖြင့် သေချာစွာဆေးကြောပါ။ ထို့နောက် ရေမချိုးခင် ဆံပင်ကို ခြောက်အောင်သုတ်ပါ။

# ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်း

## မျက်စိသန့်ရှင်းနည်း

ဂွမ်းလုံး တစ်လုံးကို အအေးခံထားသော ပြုတ်ပြီးသားရေ သို့မဟုတ် ဆားရည် (၀.၉ % NaCl) တွင် နှစ်ပြီး ကလေး၏ မျက်လုံးအတွင်း ထောင့်ဘက်မှ အပြင်ထောင့်ဘက်အထိ ပွတ်ပေးပါ။ မျက်လုံး တစ်ဘက်မှ တစ်ဘက်သို့ ပြောင်းသည့် အချိန်တိုင်း ဂွမ်းလုံးအသစ်ကို အသုံးပြုပါ။ မျက်လုံးကို ဆေးကြောသန့်စင် ရာတွင် တစ်ရှူးစက္ကူ သို့မဟုတ် အဝတ်စကို အသုံးမပြုရန် သတိထားပါ။





## နားသန့်ရှင်းနည်း

ဂွမ်းစပတ်ထားသော ဒုတ်ချောင်း သို့မဟုတ် ရေအနည်းငယ်စွတ်ထားသောပုဝါကို အသုံးပြုပြီး နားရွက်နှစ်ဖက်စလုံး၏ နားရွက်ရှေ့နောက် နှင့် နားအတွင်းပေါက်ကို သန့်စင်ဆေးကြောပေးပါ။ သို့သော် ဂွမ်းစပတ်ထားသော ဒုတ်ချောင်းအသုံးပြုခြင်းသည် နားဖာချေးကို နားတွင်းထဲသို့ ပိုမိုတွန်းပို့နိုင်ကာ အန္တရာယ်ရှိနိုင်သည်။

Babi Mild

# မွေးကင်းစကလေးများအတွက် လိင်အင်္ဂါသန့်ရှင်းခြင်း

Tip

ပြုတ်ပြီးအေးခံထားသောရေနွေးတွင် ဂွမ်းစိမ်ပြီးသန့်ရှင်းရေး ပြုလုပ်ရန်

## မိန်းကလေးများအတွက်

ကလေးငယ်၏ခြေနှစ်ချောင်းခြားပြီး ပက်လက်လှဲလျောင်းခြင်းဖြင့် သန့်ရှင်းရေးကို ပြုလုပ်ပါ။ သန့်စင်သောရေဖြင့် စိုစွတ်သော ဂွမ်းလုံးတစ်လုံးကိုယူ၍ ကြားနေရာများကို ဘယ် သို့မဟုတ် ညာဘက်မှ စတင်၍ သုတ်ပါ။ ထိုဂွမ်းကိုစွန့်ပစ်ပါ။ နောက်ဆုံးတွင် ရေစိမ်ထားသည့် ဂွမ်းလုံးတစ်လုံးကို အသုံးပြုပြီး မိန်းမကိုယ်အင်္ဂါအလယ်ကိုအပေါ်မှ အောက်ကို သုတ်ပေးကာ တင်ပါး(ဖင်)အထိသုတ်ပြီး စွန့်ပစ်လိုက်ပါ။ ကလေး၏ ကိုယ်အင်္ဂါတွင် သန့်စင်ထားရန်အသုံးပြုသည့် အနံ့ရှိသော ခရင်မ် သို့မဟုတ် ဆေးပစ္စည်းများကို အသုံးမပြုရန်။ အနံ့ကင်းသော အဖြူရောင်၊ အကြည်ရောင်၊ အနှောက်ရောင်၊ အဝါဖျော့ဖျော့ အရည်များကိုတွေ့ရှိနိုင်သည်။ ထိုအရာသည် ပုံမှန်အားဖြင့် တွေ့ရှိနိုင်သည်။





## ယောက်ျားလေးများအတွက်

လိင်တံထိပ်အရေပြားမဖြတ်ရသေးသော ယောက်ျားလေးများအတွက် ကပ်ပယ်အိတ်မှစပြီး ပေါင်ခြံ နှင့် လိင်တံကို သန့်ရှင်းအောင်ဆပ်ပြာဖြင့် ပုံမှန် ရေချိုးပြီးသန့်စင်နိုင်ပါသည်။ ရေချိုးပြီးနောက် မိဘများသည် ကလေးငယ်၏လိင်တံထိပ်ဖျားကို ဖြေးညင်းစွာ (အားဖြင့်မဖြည်ရ) ဖြည်ချကာ ဖြည်နိုင်သလောက် ရေသန့်ဖြင့် စိုစွတ်သော ဂွမ်းကို အသုံးပြု၍ သုတ်ပေးပါ။ တတ်နိုင်သလောက် အတင်းမဆွဲမိပါစေနှင့်။ ဒဏ်ရာရကာ သွေးထွက်နိုင်သည်။

# ကလေးငယ်၏အသားအရေပြုစု ထိန်းသိမ်းခြင်း

## မွိုက်ချာရိုက်စာရွေးချယ်ခြင်း

ကလေးများအတွက် ခရင်မ် သို့မဟုတ် ဆေးရည်များရွေးချယ်ရာတွင်လည်း ဓာတ်မတည့်ဖြစ်နိုင်သော အမွှေးနံ့သာများ နှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ပါဝင်သော အမျိုးအစားကို ရှောင်ကြဉ်ကာ နူးညံ့သိမ်မွေ့သောအမျိုးအစားများသာ မိဘများမှ သင့်လျော်သလို ရွေးချယ်အသုံးပြုနိုင်သည်။



## သင်သိပါသလား?

ခရင်မ်၊ အဆီ သို့မဟုတ် ဆေးရည်များ လိမ်းရန် အကောင်းဆုံးအချိန်သည် ရေချိုးပြီးနောက် ပထမ ၃ မှ ၅ မိနစ်အတွင်းဖြစ်ပြီး ထိုအချိန်မှာ အရေပြားအစိုဓာတ်အများဆုံး ဆုံးရှုံးသည့်အချိန်ဖြစ်သောကြောင့် ရင်ဘတ်၊ လက်များ၊ ခြေထောက်များ၊ လက်ဖဝါးများကို သင့်ကလေး၏အာရုံ ခံစားမှုကို လှုံ့ဆော်ရန် ဖြေးညင်းစွာဖိနှိပ်ပေးပါ။

## ကိုယ်လိမ်းပေါင်ဒါ

ကလေးအတွက် ပေါင်ဒါသည် အစိုဓာတ်ကို စုပ်ယူနိုင်စွမ်းရှိသည်။ လည်ပင်းခေါက်ရိုးများတွင် ချွေးအရမ်းထွက်တတ်သော ကလေးများ၊ လည်ပင်းမှာ အယားအဖုများပေါက်တတ်သော ကလေးများအတွက် သင့်လျော်ပါသည်။ ကျောက်မှုန့်ထုံးဓာတ်များ ကင်းစင်သော ကလေးပေါင်ဒါကို ရွေးချယ်ပါ။ စိုစွတ်မှုမရှိသည့် အခါ ကလေးငယ်ကိုလည်း သက်တောင့်သက်သာဖြစ်စေပြီး အသားအရေကို ချောမွေ့စေပါသည်။








## ကလေးပေါင်ဒါလိမ်းနည်း အကြံပြုချက်များ

ပေါင်ဒါမှုန့်ကို ကလေးငယ်၏နှာခေါင်း သို့မဟုတ် ပါးစပ်ထဲသို့ မပျံ့နှံ့စေရန် ပွတ်လိမ်းပေးရပါမည်။ ပေါင်ဒါမှုန့်ကို ကလေးပေါ်သို့ တိုက်ရိုက်မလောင်းချပါရန်။ ပေါင်ဒါမှုန့်ကို သင့်လက်ပေါ် လောင်းချပြီး သင့်ကလေးကို ညင်သာစွာ လိမ်းပေးရန် အကြံပြုပါသည်။ ပေါင်ဒါမှုန့်ကိုအလွန်အကျွံမလိမ်းပါနှင့်။ လိင်အင်္ဂါ သို့မဟုတ် ပေါင်ခြံအနီးတွင် ပေါင်ဒါမှုန့်ကိုလိမ်းပေးခြင်းမှရှောင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းပေါင်ဒါမှုန့်များ လိင်အင်္ဂါတွင် စုနေနိုင်သောကြောင့်ဖြစ်သည်။

# အဝတ်သန့်ရှင်းခြင်း

အဝတ်များသန့်ရှင်းလျှော်ဖွပ်ရေးပစ္စည်းကြောင့်လည်း အဝတ်အောက်အရေပြားရှိ ယားစေသောအဖုများသည် အထူးသဖြင့် ထိခိုက်လွယ်သော၊ ပူအိုက်၊ စိုစွတ်သော၊ ခြောက်သွေ့သော သို့မဟုတ် ယခင်က အရေပြားရောင်ရမ်းဖူးသော အချို့နေရာများတွင် ပို၍ဖြစ်နိုင်သည်။ အမွှေးနံ့သာများ သို့မဟုတ် ဓာတုပစ္စည်းများပါရှိသော ဆပ်ပြာများ သို့မဟုတ် အဝတ်ပျော့ဆေးများကို အသုံးပြု၍ ကလေးနှင့် လူကြီးအဝတ်များ ခွဲခြားမထားဘဲ ရောနှောလျှော်ဖွပ်ဆေးကြောခြင်းကြောင့် လည်း အရေပြားကို ယားယံခြင်းဖြစ်စေနိုင်သည်။ အထူးသဖြင့် အဝတ်အစားများ၌ကျန်ရှိနေသော ဓာတုပစ္စည်းများသည် ကလေးငယ်၏ အရေပြားကို တစ်ချိန်လုံး ထိတွေ့နိုင်သဖြင့် အရေပြားရောင်ရမ်းခြင်းကို ဖြစ်စေနိုင်သည်။ အဝတ်များသီးခြားဆေးကြောခြင်းနှင့် သီးခြားအဝတ်လျှော်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ဓာတ်မတည့်သော အရေပြားအဖုများ၏ လက္ခဏာများကို ပိုမိုကောင်းမွန်စေပါသည်။ ရောင်ရမ်းမှုကို ထိန်းချုပ်ရန် ပိုမိုလွယ်ကူစေသည်။



# ကလေးနို့ဘူးများကို သန့်ရှင်းခြင်း

ကလေးနို့ဘူးများနှင့် ကလေးသုံးပစ္စည်းများကို သန့်ရှင်းရေးလုပ်ခြင်းဖြင့် ပိုးမွှားများမှကင်းဝေးအောင် ကူညီပေးနိုင်သည်။ အထူးဂရုစိုက်သင့်သောအရာများမှာ ကလေးနို့ပုလင်းများ၊ ပုလင်းအဖုံးများ၊ နို့သီးခေါင်းများ၊ အစို့များ၊ ကလေးများကိုက်ရန်ထားသော ရာဘာများနှင့် ကလေးစားသောက်ရာတွင် သုံးဆောင်သောခွက်ပန်း ကန်များကို ကလေးများအတွက် နူးညံ့သော သန့်စင်ဆေးရေများဖြင့် အသုံးပြုရန်ဖြစ်သည်။ (ဓာတုပစ္စည်းများကျန်ရစ်နေပြီး ကလေးအတွက်ဓာတ်မတည့်ဖြစ်ခြင်းမှ ကာကွယ်ရန် လူကြီးသုံးသန့်စင်ဆေးရေ များအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်)






## အကြံပြုချက်များ

သုံးလအောက်ကလေးငယ်များတွင် ပုလင်းကို ရေနွေးငွေ့ သို့မဟုတ် ဆူပွက်နေသောရည်တွင် အနည်းဆုံး ၅ မိနစ်ခန့်ပြုတ်ရန်၊ ကျန်ရစ်နေသောပိုးများသတ်ရန် အကြံပြုထားသည်။

**ပါမောက္ခ ဒေါက်တာ Worawut Chayprasit မှ**

မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေးဆောင်းပါးများ (စာမျက်နှာ ၂ မှ ၈ အထိ)
ကလေးအထူးကု၊ Nakornthon ဆေးရုံ
เลี้ยงลูกตามใจหมอ Page မှပိုင်

# Babi Mild Ultra Mild
# ရေချိုးဆပ်ပြာနှင့် ခေါင်းလျှော်ရည်ထုတ်ကုန်

Baby Mild ရေချိုးဆပ်ပြာနှင့် ခေါင်းလျှော်ရည်သည် သဘာဝပစ္စည်းများကို ဂရုတစိုက်ရွေးချယ်ထားပါသည်။ ကလေးအသားအရေနှင့် လိုက်ဖက်ရန် ဓာတုဆပ်ပြာများအစား အပင်အခြေခံ သန့်စင်ဆေးများကို အသုံးပြုထားသည်။ ကလေးငယ်များ၏ အသားအရေကို နူးညံ့ချောမွေ့စေရန် ဂရုစိုက်နိုင်ရေးအတွက် အရေပြားနှင့် ဆံပင်ကို ယားယံစေသည့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ အရက်ပြန်၊ ပါရာဘန်နှင့် SLS တို့မှ ကင်းစင်ပြီး hypoallergenic စမ်းသပ်ထားသည်။ မွေးကင်းစနှင့် အရွယ်ရောက်ပြီးသူများ ထိခိုက်လွယ်သော အသားအရေရှိသူများအတွက် သင့်လျော်သည်။




## အဖြူရောင်ဆာကူရာ

ဂျပန်မှ ပြေပြစ်သော အဖြူရောင် ဆာကူရာ မှ သဘာဝဓာတ်များနှင့် ဗီတာမင် E များ




## စဝိ(တ်) အဲလ်မွန်

sweet almond ဓာတ်ပစ္စည်းနှင့် ဗီတာမင် E များသည် အသားအရေကို နူးညံ့ချောမွေ့ပြီး တင်းရင်းပြီး ဖက်ချင်စဖွယ် ဖြစ်စေပါသည်။




## ဘိုင်အို အော်ဂဲနစ်

ဘေဘီမိုင်းလ်မှ အနူးညံ့ဆုံးဖော်မြူလာသုံးထုတ်ကုန်ဖြစ်ပြီး အောဂန်အွဲန်း ၊ ဟန်နီစက်ကဲလ်ပန်း နှင့် သဘာဝအပင်များမှရရှိထားသောသန့်စင်ဓာတ်များသည် သဘာဝအတိုင်း နူးညံ့စေသည်။




## ရီလက်ဇင်း လာဗန်ဒါ

Dreamscent TM တက်နိုလိုရီ နှင့် အော်ဂဲနစ် လာဗန်ဒါ ဖြင့်နူးညံ့ပြီး မွှေးရနံ့ပေးကာ လွယ်ကူစွာ အိပ်ပျော်စေသည်။**



Babi Mild

** အိပ်ယာမဝင်ခင် ရေနွေးနှင့်ရေချိုးပြီး လိုးရှင်းလိမ်းပြီးနှိပ်ပေးကာ အသားအရေကိုပြုစုထိန်းသိမ်းခြင်းသည် လွယ်ကူစွာအိပ်ပျော်စေကြောင်း စမ်းသပ်ပြီးဖြစ်သည်

## ပေါင်ဒါ ထုတ်ကုန်

အနုစိတ်ကြိတ်ထားသော ကျောက်မှုန့်ထုံးဓာတ်များမပါဘဲ သဘာဝအတိုင်း ထုတ်ယူထားသော နူးညံ့သည့် ပေါင်ဒါမှုန့်ဖြစ်ပြီး အသားအရေ စိုစွတ်မှုမှ ကာကွယ်ပေးသည်။




### အဖြူရောင်ဆာကူရာ

အနှစ်သာရပြည့်စုံသော ဂျပန်မှ ပြေပြစ်သည့် အဖြူရောင် ဆာကူရာ မှ သဘာဝဓာတ်များနှင့် ဗီတာမင် E များ




### ဘိုင်အို အော်ဂဲနစ်

ဘေဘီမိုင်းလ်မှ အနူးညံ့ဆုံးဖော်မြူလာသုံးထုတ်ကုန်ဖြစ်ပြီး အာဂန်အွဲန်း ၊ ဟန်နီစက်ကဲလ်ပန်း နှင့် သဘာဝအပင်များမှရရှိထားသောသန့်စင်ဓာတ်များသည် သဘာဝအတိုင်းနူးညံ့စေသည်။




### ရီလက်ဇင်း လာဗန်ဒါ

Dreamscent TM တက်နိုလိုရီ နှင့် အော်ဂဲနစ် လာဗန်ဒါ ဖြင့်နူးညံ့ပြီး မွှေးရနံ့ပေးကာ လွယ်ကူစွာ အိပ်ပျော်စေသည်။**

## မွိုက်ချာရိုက်စာထုတ်ကုန်များ

**ဘေဘီလိုးရှင်း** နူးညံ့သိမ်မွေ့သောဖော်မြူလာဖြင့် ပေါ့ပါးသောလိုးရှင်းအသားသည် လျင်မြန်စွာ စိမ့်ဝင်နိုင်ပြီး စေးကပ်မှုမရှိဘဲ အာဟာရဖြည့်တင်းပေးကာ အသားအရေကို အချိန်ကြာကြာ ချောမွေ့နူးညံ့စေပါသည်။

**ဘေဘီအွိုင်း** သန့်စင်ပြီး လျင်မြန်စွာ စိမ့်ဝင်နိုင်ကာ စေးကပ်မှုမရှိပဲ သဘာဝဓာတ်ပစ္စည်းများကြောင့် နူးညံ့စေသည်။

**ဘေဘီခရင်မ်** နူးညံ့ပြီး ပြေပြစ်သောခရင်မ်အသားဖြင့် ကျန်းမာသောအသားအရေကိုရရှိနိုင်ရန် ပြုစုထိန်းသိမ်းပေးသည်။




### အဖြူရောင်ဆာကူရာ

အနှစ်သာရပြည့်စုံသော ဂျပန်မှ ပြေပြစ်သည့် အဖြူရောင်ဆာကူရာ မှ သဘာဝဓာတ်များနှင့် ဗီတာမင် E များ (လိုးရှင်း) နှင့် ချီရားဘတ်တာမှ အနှစ်သာရများ (အွိုင်း)




### ဘိုင်အို အော်ဂဲနစ်

ဘေဘီမိုင်းလ်မှ အနူးညံ့ဆုံးဖော်မြူလာသုံးထုတ်ကုန်ဖြစ်ပြီး အာဂန်အွဲန်း နှင့် သံလွင်ဆီမှ အဆီအနှစ်များ




### ရီလက်ဇင်း လာဗန်ဒါ

Dreamscent TM တက်နိုလိုရီ နှင့် အော်ဂဲနစ် လာဗန်ဒါ ဖြင့်နူးညံ့ပြီး မွှေးရနံ့ပေးကာ လွယ်ကူစွာ အိပ်ပျော်စေသည်။**

** အိပ်ယာမဝင်ခင် ရေနွေးနှင့်ရေချိုးပြီး လိုးရှင်းလိမ်းပြီးနှိပ်ပေးကာ အသားအရေကိုပြုစုထိန်းသိမ်းခြင်းသည် လွယ်ကူစွာအိပ်ပျော်စေကြောင်း စမ်းသပ်ပြီးဖြစ်သည်

## Babi Mild ကလေးအဝတ်လျှော်ပစ္စည်းများ

မွေးကင်းစကလေးငယ်များအတွက် 0+ နှင့် သင့်တော်သောကလေးအဝတ်လျှော်ဆပ်ပြာရည်ဖြစ်သည်။ Chamomile Organic Essence (ECOCERT အခြေခံစည်းမျဉ်း) ဖြင့်ဖော်စပ်ထားပြီး သဘာဝအပင်များမှ ဓာတုသန့်စင်ဆေးများ(Natural Palm Kernel) ဖြင့် ညင်သာစွာ* သန့်စင်ပေးခြင်း၊ မွှေးကြိုင်စေခြင်း၊ အနံ့ဆိုးများ** လျော့ပါးစေပြီး အစွန်းအထင်းများကို သန့်စင်ပေးပါသည်။ အညစ်အကြေးများပြန်ကပ်ခြင်းမှကာကွယ်သည်။ အရောင်ချွတ်ဆေးမရှိ၊ အရောင်ပြန်ဆေးမရှိ၊ ဖာရာဘန်မရှိ ယားယံမှုစမ်းသပ်ချက်ရရှိပြီး (Dermatologically tasted**) သင့်ကလေး၏နူးညံ့သိမ်မွေ့သောအသားအရေအတွက် သင့်တော်ပါသည်။




ဘိုင်အို အော်ဂဲနစ်




အဖြူရောင်ဆာကူရာ

**2 in 1**
တစ်ချိန်ထဲ လျှော်ပြီး ပြင်ပိုမိုပြီးအဝတ်ကို ပွပြီး အိစေသည်

**Natural polymer**
သဘာဝဓာတ်ပစ္စည်းဖြင့် နူးအိသောခံစားချက်ပေးသည်

# အဝတ်ပျော့ဆေး ရောနှောခြင်းမရှိ၊ လျှော်ဖွပ်၊ သန့်စင်၊ မွှေး၊ နူးညံ့*




ဘေဘီထာချ်

*အဝတ်များ နူးညံ့စေသည် **အမွေးရနံ့များ သင်းပျံ့စေသည် ^အဝတ်ပျော့ဆေးမပါရှိသော ဘေဘီမိုင်းအဝတ်လျှော်ဆေးရည် (Natural)
** DRC Thailand CO.,Ltd ၏ ယားယံမှုဖြစ်ပေါ်ခြင်းရှိမရှိစမ်းသပ်ချက်နမူနာအရ အများတွင် ယားယံမှုဖြစ်စေခြင်းမရှိဘဲ အချို့တွင်သာဓာတ်မတည့်မှုကို တွေ့ရှိရပါသည်။

# ဘေးဘီမိုင်းလ် အော်လ်ထရာမိုင်းလ်
# ဘေဘီ ယူထန်ဆယ်လ်ခရင်န်စာ




## နို့ပုလင်းဆေးဆပ်ပြာ

သဘာဝမှနူးညံ့မှုဓာတ် ၂ ဆ Chamomile Organic Essence (ECOCERT အခြေခံစည်းမျဉ်း) နှင့် အော်ဂဲနစ် ဟန်နီစက်ကဲလ်ပန်း (USDA အခြေခံစည်းမျဉ်း) နှင့် သဘာဝပင်များ (အုန်းသီးနှင့် ထန်းသီး) မှ ရရှိထားသောသန့်စင်ဓာတ်များ ပါဝင်သည်။ ဖာရာဘန်ကင်းစင်ပြီး ယားယံမှုမရှိစမ်းသပ်ချက်ရရှိပြီး (Dermatologically tasted**) နို့ပုလင်းများတွင်ကျန်ရစ်ထားသော နို့မှုအဆီများ၊ အနံ့များကို သန့်ရှင်းပေးသည်။



ဇန်နဝါရီ ၂၀၁၉ တွင် အသက် ၂၀ မှ ၆၀ ရှိ စမ်းသပ်သူပေါင်း ၂၀ တွင်လုပ်ဆောင်သော DRC Thailand CO.,Ltd ၏ ယားယံမှုရှိမရှိ စမ်းသပ်ချက်အရ အများတွင် ယားယံမှုဖြစ်စေခြင်းမရှိဘဲ အချို့တွင်သာဓာတ်မတည့်မှု တွေ့ရှိရပါသည်။

# ၀ မှ ၃ နှစ်အထိ ကလေးငယ်၏ ကြီးထွားမှုအဆင့်ဆင့်



## ၁ လ

၈ လက်မမှ ၁၂ လက်မခန့် အကွာအဝေးရှိ အရာဝတ္ထုကို တွေ့မြင်နိုင်သည်။ အမျိုးမျိုးသော အသံများ နားထောင်နေနိုင်ပြီး လက်သီးကိုတစ်ချိန်လုံး ဆုပ်ထားသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၂ လ

ကိုယ့်လက်ကိုကြည့်ပြီး အင်းအဲအသံပေးကာ ပြုံးပြီး တုံ့ပြန်နိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၃ လ

မှောက်လျက်အနေအထားတွင် ကလေးသည်ဦးခေါင်းကို ၄၅ မှ ၉၀ ဒီဂရီအထိ ပြန်ထားနိုင်ပြီး မျက်လုံးဖြင့် အပေါ်အောက်ကြည့်ကာ ရယ်မောတုံ့ပြန်နိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၄ လ

မှောက်လျက်နေနိုင်ပြီး ခေါင်းမတ်မတ်ထားပြီး ထိုင်နိုင်သည်။ ပစ္စည်းများကိုင်နိုင်သည်။ ရယ်မောနိုင်ပြီး အသံမြည်သည့်ဘက်ကို လှည့်ကြည့်လေ့ရှိသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။





## ၅ လ

မှောက်လှန်နေနိုင်ပြီး ပစ္စည်းများဖမ်းယူနိုင်သည်။ ပါးစပ်ထဲသို့ပစ္စည်းကိုင်ထည့်နိုင်သည်။ အသံများလိုက်ပြောနိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၆ လ

လှဲလှန်ခြင်းမရှိဘဲ ကိုယ်တိုင်ထိုင်နိုင်သည်။ ကစားခြင်းတွင်အာရုံထားပြီး အက္ခရာများအသံထွက်နိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၇ လ

လေးဘက်ထောက်သွားနိုင်ပြီး ပစ္စည်းကို လက်ပြောင်းကိုင်နိုင်သည်။ ကိုယ့်နာမည်မှတ်မိသည်။ အမည်ခေါ်သံကြားလျှင်လှည့်လာသည်။ တားမြစ်သော "မ" ဟူသောစကားလုံးကို နားလည်လာသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၈ လ

တစ်နေရာကို ကိုင်ဖမ်းပြီးထူကာ ထနိုင်သည်။ အက္ခရာအသံအဆက်များ ထွက်နိုင်ပြီး စကားပြောရန်ကြိုးစားလာသည်။ တူတူရေဝါး နှစ်သက်တတ်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၉ လ

တစ်နေရာကို ကိုင်ဖမ်းပြီးထူကာ ထနိုင်သည်။ လက်ချောင်းများဖြင့် ပစ္စည်းများကိုင်နိုင်သည်။ ကိုယ်လိုချင်ရာကို လက်ညှိုးထိုးပြီးပြောနိုင်သည်။ သူစိမ်းကို စိတ်ဝင်စားလာသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၁၀ လ

ကိုယ်တိုင် တစ်ခဏ ၂ စက္ကန့်ခန့် မတ်တတ်ထနိုင်သည်။ လက်ခုပ်တီးခြင်း နှစ်သက်သည်။ လက်ခုပ်တီးဟူသောအစရှိသောစကားလုံးတို့ကို နားလည်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၁၂ လ

ကိုယ်တိုင်မတ်တတ်ရပ်နိုင်သည်။ ပစ္စည်းများသေချာကိုင်နိုင်ပြီး မိဘများကိုခေါ် နိုင်သည်။ လွယ်ကူသော လုပ်ရှားမှုများ ပြုလုပ်နိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။



## ၁၅ လ

လမ်းလျှောက်နိုင်ပြီး မျဉ်းများဆွဲခြင်းကိုနှစ်သက်သည်။ လွယ်ကူသော ၂ လုံး မှ ၆ လုံးအထိရှိသော စကားလုံးများ ကို ပြောနိုင်သည်။ အစားအစာများကို ကိုယ်တိုင်စားကျင့်လာသည်။ စိတ်ဝင်စားအရေးပေးမှုခံချင်သောကြောင့် ပစ္စည်းများလက်ကမ်းလေ့ရှိသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၁၈ လ

လူကြီးလက်မကိုင်ဘဲ လှေကားတက်နိုင်သည်။ မျဉ်းဖြောင့်ဆွဲနိုင်သည်။ လွယ်ကူသော ၄ လုံး မှ ၁၀ လုံးအထိရှိသော စကားလုံးများကိုပြောနိုင်သည်။ ပါးနမ်းခြင်းဖြင့် ချစ်ခြင်းကိုပြလေ့ရှိသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။



## ၂ နှစ်

မြေပေါ်မှအမြင့်ခုန်နိုင်ပြီး ဇွန်းခက်ရင်းများကို သေချာအသုံးပြုတတ်သည်။ စကားအခွန်းများများ ပြောတတ်လာသည်။ လွယ်ကူသော မေးခွန်းများမေးလေ့ရှိသည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။

## ၃ နှစ်

သုံးဘီးစက်ဘီးကို နင်းနိုင်သည်။ စက်ဝိုင်းဆွဲနိုင်သည်။ မိမိ၏ အမည်၊ အသက်၊ လိင်အမျိုးအစားကို သိနိုင်သည်။ သူတစ်ပါးကို အနည်းငယ်နားလည်ရန် ပုံပြောလာနိုင်သည်။

အသက်တွင်လုပ်ဆောင်နိုင်သည်။



Babi Mild

ကလေးငယ်များအတွက်
အကောင်းဆုံးသော သဘာဝ



Babi Mild

## Organic* gift for your little miracle

မိခင်ပြုစုမှုတိုင်း အမြဲအားပေးရပ်တည်နေသော ဘေဘီမိုင်းလ်
သဘာဝဟူသည့်အရာတိုင်းသည် ကလေးငယ်များအတွက်အကောင်းဆုံးဟု ကျွန်ုပ်တို့ယုံကြည်ပြီး
ကလေးငယ်များကို သဘာဝအကျဆုံးပျိုးထောင်နိုင်ရန်နှင့်မိခင်များယုံကြည်မှုရှိစေရန်

BabiMildMyanmar

*ရေချိုးဆပ်ပြာရည်နှင့်ခေါင်းလျှော်ရည်တွင် **Organic Argan Oil & Honeysuckle Extract**
နှင့် အဝတ်လျှော်ဆပ်ပြာရည် နှင့် နို့ပုလင်းဆေးဆပ်ပြာရည်တွင်
**Organic Chamomile & Honeysuckle Essence**